## နိဒါန်း

***ရှင်ယောဟန်**ရေးသားထားသော ပထမစာစောင်တွင် အဓိကရည်ရွယ်ချက်နှစ်ချက်ရှိ၏။ ဤစာစောင်ကို ဖတ်ရှုသူတို့အား ဘုရားသခင်နှင့်လည်းကောင်း၊ ကိုယ်တော်၏ သားတော်သခင် **ယေရှု**ခရစ်တော်နှင့်လည်းကောင်း မိတ်သဟာရဖွဲ့ရန် အားပေးတိုက်တွန်းထားခြင်းနှင့်ယင်းမိတ်သဟာရကို ပျက်ပြားစေမည့်မှားယွင်းသော သွန်သင်ချက်ကို လက်မခံကြရန်သတိပေးလိုခြင်းတို့ဖြစ်သည်။ ဤမှားယွင်းသောသွန်သင်ချက်အရ မကောင်းဟူသမျှသည်ရုပ်လောကနှင့် ထိတွေ့မှုမှ ဖြစ်ပေါ်လာရကား၊ ဘုရားသခင်၏ သားတော်သခင် **ယေရှု**သည် အမှန်ပင်လူ့ဇာတိကို မခံယူနိုင်ရာ။ ထိုသို့သွန်သင်သူတို့ကကယ်တင်ခြင်းဆိုသည်မှာ ဤလောကတွင်နေထိုင်ရေးအတွက် စိုးရိမ်ပူပန်မှုနှင့်ကင်းဝေးနိုင်ခြင်းပင် ဖြစ်သည်ဟူ၍လည်းကောင်း၊ကယ်တင်ခြင်းဟူသည် အကျင့်တရားသူတစ်ပါးအပေါ်ထားရှိအပ်သော မေတ္တာတရားတို့နှင့် မည်သို့မျှမဆိုင်ဟူ၍လည်းကောင်း သွန်သင်ကြ၏။*

*ထိုသွန်သင်ချက်များကို ချေပသည့် အနေဖြင့်စာရေးသူက ခရစ်တော်**ယေရှု**သည် လူသားစင်စစ်ဖြစ်တော်မူခဲ့ကြောင်းတို့ကို ရှင်းလင်းပြတ်သားစွာတင်ပြထားသည်။ ထို့အပြင်ခရစ်တော်**ယေရှု**ကို ယုံကြည်၍ဘုရားသခင်ကိုချစ်ခင်မြတ်နိုးသူမှန်သမျှသည်မိမိတို့အချင်းချင်းအားလည်း ချစ်ကြရမည်ဖြစ်ကြောင်း အလေးထား၍ပြောဆိုသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

| | |
|---|---|
| ***–နိဒါန်း*** | *၁း၁–၄* |
| ***–အလင်းနှင့်အမှောင်*** | *၁း၅–၂း၂၉* |
| ***–ဘုရားသခင်၏သားသမီးများနှင့် နတ်ဆိုး၏သားသမီးများ*** | *၃း၁–၂၄* |
| ***–အမှန်နှင့်အမှား*** | *၄း၁–၆* |
| ***–မေတ္တာတရား*** | *၄း၇–၂၁* |
| ***–အောင်မြင်သောယုံကြည်ခြင်း*** | *၅း၁–၂၁* |

## အခန်းကြီး(၁)

### အသက်၏နှုတ်ကပတ်တော်

၁။ အစ မူလကတည်းကပင် တည်ရှိနေတော်မူသော
အသက်တော် တည်းဟူသော နှုတ်ကပတ်တော်
အကြောင်းကို ငါတို့စာရေးလိုက်၏။ ထိုနှုတ်ကပတ်
တော်ကိုငါတို့ကြားခဲ့ကြ၏။ ငါတို့ ကိုယ်တိုင်မျက်
စိဖြင့်မြင်ခဲ့ကြ၏။ ငါတို့ မြင်ခဲ့ရသည်မှာမှန်ပေ၏။
ငါတို့ လက်ဖြင့်လည်း စမ်းသပ်ကြည့်ရှုခဲ့ကြ၏။
၂။ ထိုအသက်တော်ထင်ရှားရှိခဲ့စဉ်ကငါတို့ မြင်ခဲ့ရ၏။
သို့ဖြစ်၍ ယင်း၏အကြောင်းကို ငါတို့ဟောပြောကြ
၏။ ခမည်းတော်နှင့်အတူ ရှိတော်မူခဲ့သည့် ထာဝရ
အသက်တော်သည် ငါတို့အား သိမှတ်စေခဲ့သဖြင့်
ထိုအသက်တော်အကြောင်းကို ငါတို့ပြောဆို၍ သင်
၃။ တို့အားကြေညာကြ၏။ငါတို့သည် ခမည်းတော်နှင့်
လည်းကောင်း ကိုယ်တော်၏သားတော် ခရစ်တော်
**ယေရှု**နှင့်လည်းကောင်းမိတ်သဟာယ ဖွဲ့ရကြသည်
ဖြစ်ရာသင်တို့လည်း ငါတို့နှင့်အတူထိုမိတ်သဟာယ
တွင် ပါဝင်နိုင်ကြစေရန် ငါတို့တွေ့မြင် ကြားသိခဲ့ရ
သည့် အရာများကို သင်တို့အားကြေညာ၏။
၄။ ငါတို့၏ရွှင်လန်းဝမ်းမြောက်ခြင်းသည်ပြည့်စုံစေခြင်း
ငှာ ဤအကြောင်းများကို ငါတို့ရေးရခြင်းဖြစ်၏။
၅။ ငါတို့သည် ကိုယ်တော်၏ သားတော်ထံမှကြားသိရ
သဖြင့်သင်တို့အား ကြေညာသောသတင်းစကားဟူမူ
ကား ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။
ကိုယ်တော်၌ မှောင်မိုက်ခြင်းအလျှင်းမရှိ။
၆။ သို့ဖြစ်၍ ငါတို့သည် ကိုယ်တော်နှင့်မိတ်သဟာယ
ဖွဲ့ရကြလေပြီဟုဆိုလျက်အမှောင်တွင် ကျင်လည်နေ
ကြပါမူ။ နှုတ်အားဖြင့်လည်းကောင်း၊ အကျင့်အား
ဖြင့်လည်းကောင်း လိမ်လည်သူများဖြစ်ကြ၏။
၇။ သို့ရာတွင် ကိုယ်တော်သည် အလင်းတွင်ရှိတော်မူ
သကဲ့သို့ ငါတို့သည်လည်း အလင်းတွင်ကျင်လည်
ကြပါမူ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်
မိတ်သဟာယဖွဲ့ခြင်းရှိကြပေလိမ့်မည်။ဘုရားသခင်၏
သားတော်သခင်**ယေရှု**၏အသွေးတော်သည်ငါတို့၏
အပြစ်ဟူသမျှကို ဆေးကြောစင်ကြယ်စေတော်မူလိမ့်
၈။ မည်။ ငါတို့၌ အပြစ်မရှိပါဟုဆိုလျှင် ငါတို့သည်
မိမိတို့ကိုယ်ကိုလှည့်စားကြ၏။ ငါတို့၌သစ္စာတရား
၉။ မရှိ။ သို့ရာတွင် ငါတို့၏အပြစ်ကို ဝန်ခံကြလျှင်
ဘုရားသခင်သည် ကတိတည်တော်မူ၍ တရားမျှတ
တော်မူသောအရှင် ဖြစ်တော်မူသဖြင့်ငါတို့၏အပြစ်
များကိုဖြေလွှတ်တော်မူ၍ငါတို့အား ဒုစရိုက်အားလုံး
၁၀။ တို့နှင့်စင်ကြယ်စေတော်မူလိမ့်မည်။ အကယ်၍ငါတို့
သည်အပြစ်မကျူးလွန်ခဲ့ဟုဆိုပါမူ ဘုရားသခင်အား
မုသားသုံးတော်မူသော အရှင်ဟု စွပ်စွဲပြောဆိုရာ

ရောက်ပြီး နှုတ်ကပတ်တော်သည်လည်း ငါတို့၌မရှိ
ပေ။

## အခန်းကြီး (၂)

## ငါတို့အားကူညီမစတော်မူသောခရစ်တော်

၁။ ငါ၏သားသမီးတို့၊ သင်တို့သည် အပြစ်မကျူးလွန်
ကြစေရန် ဤစာကို ငါရေးလိုက်၏။ သို့ရာတွင်
အကယ်၍တစ်စုံတစ်ယောက်သည်၊ အပြစ်ကျူးလွန်
ခဲ့ပါမူ ခမည်းတော်ထံတွင် ငါတို့အတွက်အသနား
ခံမည့်ဖြောင့်မတ်တော်မူသောအရှင်**ယေရှု**ခရစ်တော်
၂။ ရှိပေသည်။ ကိုယ်တော်သည် ငါတို့၏အပြစ်များကို
သာမကလူသားတိုင်း၏အပြစ် ပြေရာအကြောင်း
၃။ လည်းဖြစ်တော်မူ၏။ ဘုရားသခင်၏ပညတ်တော်
တို့ကိုစောင့်ထိန်းမှသာလျှင်ငါတို့သည်ကိုယ်တော်ကို
သိကျွမ်းသူများဖြစ်ကြောင်းအသေအချာသိရှိနိုင်မည်။
၄။ ကိုယ်တော်ကိုသိပါသည်ဟုဆိုလျက်ပညတ်တော်တို့
ကို မစောင့်ထိန်းသောသူသည်လူလိမ်ဖြစ်၍ ထိုသူ၌
၅။ သစ္စာတရားမရှိ။ သို့ရာတွင် ကိုယ်တော်၏စကား
တော်ကို နားထောင်သောသူသည်အမှန်ပင် ဘုရား
သခင်၏ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝစုံလင်၏။ သို့မှ
သာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်တစ်လုံး
တစ်ဝတည်းဖြစ်ကြောင်း သေချာစွာ သိနိုင်ပေလိမ့်
၆။ မည်။ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းရှိသည်
ဟုဆိုလျှင် ခရစ်တော်**ယေရှု** ကျင့်တော်မူသကဲ့သို့
ကျင့်ရမည်ဖြစ်သည်။

## ပညတ်သစ်

၇။ ငါ့ချစ်ဆွေတို့ သင်တို့ထံ ငါစာရေးသားဖော်ပြနေ
သည့်ပညတ်သည်အသစ်မဟုတ်။ အစမူလကတည်း
က သင်တို့ရရှိထားသည့် ပညတ်ဟောင်းဖြစ်၏။
၈။ သို့သော် သင်တို့အား ယခုငါရေးသားဖော်ပြသည့်
ပညတ်သည် အသစ်ဖြစ်၏။ ယင်းသည်အမှန်ပင်
အသစ်ဖြစ်ကြောင်း ခရစ်တော်၌လည်းကောင်း သင်
တို့၌လည်းကောင်း၊ ပေါ်လွင် ထင်ရှားလျက်ရှိ၏။
အဘယ်ကြောင့်ဆိုသော်အမှောင်သည် ပျောက်ကွယ်
လျက်အလင်းစစ်သည် ပေါ်ထွန်းလာပြီ ဖြစ်သော
၉။ ကြောင့်တည်း။ ငါသည် အလင်း၌ရှိပါသည်ဟုဆို
လျက်မိမိ၏ ညီအစ်ကိုကို မုန်းသောသူသည် ယခု
တိုင်အောင်အမှောင်တွင် ကျင်လည်နေသူဖြစ်၏။
၁၀။ ညီအစ်ကိုကို ချစ်သောသူသည် အလင်းတွင်ကျင်
လည်သောသူဖြစ်၏။ သူသည် အဘယ်သို့မျှ သူ
တစ်ပါးတို့အားအပြစ်ကျူးလွန် စေလိမ့်မည်မဟုတ်။
၁၁။ သို့ရာတွင် ညီအစ်ကိုကိုမုန်းသောသူသည် အမှောင်
တွင်ကျင်လည်သူဖြစ်၏။ အမှောင်သည် ငါတို့အား
ကန်းစေ၍အဘယ်အရပ်သို့ ကိုယ်သွား နေသည်ကို
၁၂။ ကိုယ်မသိ။ငါ့သားသမီးတို့ သင်တို့သည်ခရစ်တော်
၏ အကျိုးကျေးဇူးကြောင့် အပြစ်လွှတ်ခြင်းခံရသည်
ဖြစ်၍ သင်တို့ထံငါစာရေးလိုက်၏။
၁၃။ ဘခင်တို့ သင်တို့သည်အစကနဦးကပင်တည်ရှိတော်
မူခဲ့သော ကိုယ်တော်ကို သိသူများဖြစ်သောကြောင့်
သင်တို့ထံသို့ ငါစာရေးလိုက်၏။ လူငယ်တို့သင်တို့
သည် နတ်ဆိုးကိုအောင်နိုင်သောကြောင့် သင်တို့ထံ
၁၄။ သို့ငါစာရေးလိုက်၏။ ငါ့သားသမီးတို့ ခမည်းတော်
ကို သိသူများဖြစ်ကြသောကြောင့် သင်တို့ထံသို့ငါ
စာရေးလိုက်၏။ ဘခင်တို့၊သင်တို့သည် အစကနဦး
ကပင် တည်ရှိတော်မူခဲ့သော ကိုယ်တော်ကို သိသူ
များဖြစ်ကြသောကြောင့် သင်တို့ထံသို့ ငါစာရေး
လိုက်၏။ လူငယ်တို့၊ သင်တို့သည် ခွန်အားရှိ၍
ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင်တို့တွင်
ကိန်းအောင်းတော်မူလျက် မာရ်နတ်ကို အောင်သော
ကြောင့် သင်တို့ထံသို့ ငါစာရေးလိုက်၏။
၁၅။ သင်တို့သည် လောကကိုသော်လည်းကောင်း၊ လော
ကီအရာများကိုသော်လည်းကောင်းချစ်ခင်မြတ်နိုးခြင်း
မရှိကြနှင့် လောကကိုချစ်သောသူကား ခမည်းတော်
၁၆။ ကိုမချစ်။ ကာယတပ်မက်စွဲလန်းသောအရာ၊ မျက်စိ
ဖြင့်မြင်၍ လိုချင်တပ်မက်သောအရာ၊ ဂုဏ်ယူဝါ
ကြွားစရာများ အစရှိသော လောကီအရာရှိသမျှတို့
သည် ခမည်းတော်နှင့်မသက်ဆိုင် ဤအရာအားလုံး
၁၇။ သည် လောကမှလာ၏။ လောကနှင့်တကွလူတို့
တပ်မက်သော အရာဟူသမျှသည်ကွယ်ပျောက်လျက်
နေလေပြီ။ သို့ရာတွင်ဘုရားသခင်၏ အလိုတော်ကို
ဆောင်ရွက်သောသူတို့မူကား ထာဝရအသက်ရှင်ကြ
လိမ့်မည်။

## ခရစ်တော်၏ရန်သူ

၁၈။ ငါ့သားသမီးတို့၊နောက်ဆုံးသော ကာလသည်နီးလာ
လေပြီ။ခရစ်တော်၏ ရန်သူပေါ်လာမည်ဖြစ်ကြောင်း
သင်တို့ကြားသိခဲ့ကြ၏။ယခုပင်လျှင် ခရစ်တော်၏

ရန်သူ အများအပြားပေါ်ပေါက်လျက်ရှိလေပြီ၊ ထို့
ကြောင့် နောက်ဆုံးသောကာလသည် နီးလာပြီးဖြစ်
၁၉။ ကြောင်းကိုငါတို့သိကြ၏။ထိုသူတို့သည်အမှန်စင်စစ်
မည်သည့်အခါကမျှ ငါတို့၏မိတ်သဟာယတွင်မပါ
ဝင်ခဲ့ကြသဖြင့်ငါတို့ထံမှထွက်ခွါသွားကြ၏။အကယ်
၍သူတို့သည်ငါတို့၏မိတ်သဟာယ တွင်ပါဝင်ခဲ့ပါ
မူ ငါတို့နှင့်အတူရှိနေကြမည်ဖြစ်၏။ သူတို့သည်
အမှန်ပင် ငါတို့၏မိတ်သဟာယတွင်မပါဝင်ကြောင်း
သိသာထင်ရှားစေရန် ငါတို့ထံမှထွက်ခွာသွားကြ၏။
၂၀။ သို့ရာတွင် ခရစ်တော်သည်သင်တို့အပေါ်သို့မွန်မြတ်
သော ဝိညာဉ်တော်ကို သွန်းလောင်းတော်မူသော
ကြောင့်သင်တို့အားလုံးသည် သမ္မာတရားကို သိကြ
၂၁။ ပေသည်။သင်တို့ထံသို့ငါစာရေးရခြင်းအကြောင်းမှာ
သမ္မာတရားကို သင်တို့မသိကြ၍မဟုတ်။ သမ္မာ
တရားကိုလည်းကောင်း မုသားစကားသည် သမ္မာ
တရားနှင့်မည်သို့မျှမသက်ဆိုင်သည်ကိုလည်းကောင်း
၂၂။ သင်တို့ သိကြသောကြောင့်ဖြစ်၏။ ထို့ကြောင့်မည်
သူသည်မုသားစကားကို ဆိုသနည်း။ သခင်**ယေရှု**
သည် **မေဆိယ**သခင် မဟုတ်ဟု ပြောဆိုသူသည်
မုသားစကားကိုဆိုသူဖြစ်၏။ ထိုကဲ့သို့သောသူသည်
ခရစ်တော်၏ရန်သူဖြစ်၏။သူသည် ခမည်းတော်နှင့်
၂၃။ သားတော်ကို ငြင်းပယ်သူဖြစ်၏။ သားတော်ကို
ငြင်းပယ်သောသူသည်ခမည်းတော်ကိုလည်းငြင်းပယ်
သောသူဖြစ်၏။ သားတော်ကို လက်ခံသော သူသည်
ခမည်းတော်ကိုလည်း လက်ခံသူဖြစ်၏။
၂၄။ သို့ဖြစ်၍ သင်တို့သည် အစကပင် ကြားနာခဲ့ကြ
သည့်တရားတော်ကို မိမိတို့၏ စိတ်နှလုံးတွင်ထိန်း
သိမ်းထားကြလော့။ ယင်းသို့ပြုပါမူ သင်တို့သည်
သားတော်နှင့်လည်းကောင်း၊ ခမည်းတော်နှင့်လည်း
ကောင်းထာဝစဉ် တစ်လုံးတစ်ဝတည်း တည်ရှိကြ
၂၅။ လိမ့်မည်။ဤသည်ကား ငါတို့အား ခရစ်တော်ကိုယ်
တော်တိုင်ပေးမည်ဟုကတိထားတော်မူသော ထာဝရ
၂၆။ အသက်ပေတည်း။ သင်တို့အား လှည့်ဖြားရန်ကြိုး
စားနေသော သူတို့အကြောင်းနှင့်ပတ်သက်၍ ငါစာ
၂၇။ ရေးလိုက်၏။ သင်တို့အတွက်မူကားခရစ်တော်သည်
မိမိ၏မွန်မြတ်သော ဝိညာဉ်တော်ကိုသင်တို့အပေါ်သို့
သွန်းလောင်းတော်မူပြီ။ဝိညာဉ်တော်သည်သင်တို့၏
စိတ်နှလုံးတွင် ကိန်းအောင်းလျက် နေတော်မူသမျှ
ကာလပတ်လုံးသင်တို့အားမည်သူမျှသွန်သင်ပေးစရာ
မလို အဘယ်ကြောင့်ဆိုသော် ကိုယ်တော်၏ဝိညာဉ်
တော်သည်သင်တို့အားခပ်သိမ်းသောအမှုအရာတို့ကို
သွန်သင်ပေးတော်မူသောကြောင့်ဖြစ်၏။ဝိညာဉ်တော်
သွန်သင်တော်မူသောအရာတို့သည် မှန်ကန်၍အမှား
မရှိ။ ထို့ကြောင့် သင်တို့သည်ဝိညာဉ်တော်သွန်သင်
သည့်အတိုင်းလိုက်နာဆောင်ရွက်ကြလော့။ခရစ်တော်
၂၈။ နှင့်တစ်လုံးတစ်ဝတည်း တည်နေကြလော့။ ငါ့သား
သမီးတို့ ကိုယ်တော်ကြွလာတော်မူသောနေ့၌ ငါတို့
သည် ရှက်ကြောက်လျက် ပုန်းအောင်း၍နေရန်
မလိုဘဲ၊ ရှေ့တော်၌ ရဲစွမ်းသတ္တိ အပြည့်အဝဖြင့်
ရပ်တည်နိုင်စေခြင်းငှာ ကိုယ်တော်နှင့်တစ်လုံးတစ်ဝ
တည်းတည်ရှိနေကြလော့။
၂၉။ ခရစ်တော်သည် ဖြောင့်မတ်တော်မူသည်ကို သင်တို့
သိကြ၏။ သို့ဖြစ်၍ အမှန်တရားကိုကျင့်သော သူ
သည်ဘုရားသခင်၏ သားသမီးဖြစ်ကြောင်းကိုသင်
တို့သိကြ၏။

## အခန်းကြီး (၃)

၁။ ငါတို့သည်ဘုရားသခင်၏ သားသမီးများဟုအမည်
တပ်ခံရခြင်းအားဖြင့် အဖဘုရားသည် ငါတို့အား
မည်မျှချစ်တော်မူသည်ကို ထောက်ရှုကြလော့။ငါတို့
သည်လည်းဘုရားသခင်၏ သားသမီးများအမှန်ပင်
ဖြစ်၏။ ကမ္ဘာလောကသည် ငါတို့အားမသိခြင်း၏
အကြောင်းရင်းမှာ ယင်းသည် ဘုရားသခင်ကိုမသိခဲ့
၂။ ၍ပင်တည်း။ ချစ်မြတ်နိုးရသူတိုင်း ယခုအခါငါတို့
သည် ဘုရားသခင်၏ သားသမီးများ ဖြစ်ကြ၏။
နောင်ကာလတွင်မည်ကဲ့သို့သော သူများဖြစ်ကြမည်
ကိုမသိရသေးသော်လည်း ခရစ်တော်ကြွလာတော်မူ
သောအခါ ငါတို့သည် ကိုယ်တော်ကဲ့သို့ဖြစ်ကြလိမ့်
မည်ကို ငါတို့သိကြ၏။ အကြောင်းမူကား ငါတို့
သည်ကိုယ်တော်ကို အဖြစ်တော် ပကတိအတိုင်းဖူး
၃။ မြင်ကြရလိမ့်မည်။ ကိုယ်တော်ကိုမျှော်လင့်အားထား
သော သူတိုင်းသည် မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ်
စေသည်။အကြောင်းမူကားကိုယ်တော်သည်သန့်ရှင်း
၄။ စင်ကြယ်တော်မူ၏။ အပြစ် ကျူးလွန်သူတိုင်းသည်
တရားဥပဒေမဲ့မှုကို ကျူးလွန်၏။ အပြစ်သည်ကား
၅။ တရားဥပဒေ မဲ့မှုပင်တည်း။ ခရစ်တော်သည်အပြစ်
များကိုဖြေလွှတ်ရန် ကြွလာတော်မူကြောင်းကိုငါတို့
သိကြ၏။ ကိုယ်တော်၌မူကား အပြစ်တစ်စုံတစ်ခု

၆။ မျှမရှိ။ ကိုယ်တော်နှင့်အတူအစဉ်ရှိနေသူသည်အပြစ်
မကျူးလွန်ပေ။ အပြစ်ကျူးလွန်သူသည် ကိုယ်တော်
ကိုမမြင်ဖူးသူ သို့တည်းမဟုတ် မသိသူသာဖြစ်ပေ
၇။ မည်။ သားသမီးလေးများတို့ မည်သူမျှသင်တို့ကို
လွဲမှားအောင်မပြုစေနှင့်သခင်ဘုရားသည်ဖြောင့်မတ်
တော်မူသကဲ့သို့ အမှန်တရားကို ပြုကျင့်သူသည်
၈။ ဖြောင့်မတ်၏။ အပြစ်ကျူးလွန်သူသည် နတ်ဆိုးထံ
မှလာသူဖြစ်၏။အကြောင်းမူကားနတ်ဆိုးသည်အစဦး
ကတည်းကပင် ကျူးလွန်ခဲ့၏။ ဘုရား၏သားတော်
ပေါ်ထွန်းတော်မူခဲ့သည့် အကြောင်းရင်းကားနတ်ဆိုး
၏ လုပ်ရပ်များကို ဖျက်ဆီးရန်ပင်ဖြစ်သတည်း။
၉။ ဘုရားသခင်ထံမှ ဖွားမြင်လာသော သူသည်အပြစ်
မကျူးလွန်ပေ။ အကြောင်းမူကား၊ ဘုရားသခင်၏
ဇာတိသဘောထားသည်ထိုသူနှင့်အတူရှိပြီး သူသည်
ဘုရားသခင်ထံမှ ဖွားမြင်လာသောကြောင့် အပြစ်
၁၀။ မကျူးလွန်နိုင်ပေ။ မည်သူတို့သည် ဘုရားသခင်၏
သားသမီးများဖြစ်၍ မည်သူတို့သည် နတ်ဆိုး၏
သားသမီးများ ဖြစ်ကြောင်းကို အောက်ပါအချက်
အားဖြင့်သိနိုင်ပေမည်။ အမှန်တရားကို မပြုကျင့်သူ
မိမိညီအစ်ကိုကိုမချစ်သူသည် ဘုရားသခင်ထံမှလာ
သည်မဟုတ်ပေ။

## အချင်းချင်းချစ်ကြလော့

၁၁။ အစဦးကတည်းက သင်တို့ ကြားနာခဲ့ရသည့်အမှာ
စကားသည်ကားငါတို့သည်အချင်းချင်းချစ်အပ်သည်
၁၂။ ဟူ၍တည်း။ နတ်ဆိုးထံမှလာသူဖြစ်ပြီးမိမိညီအစ်ကို
သတ်သော**ကိန်**ကဲ့သို့မဖြစ်သင့်ပေ။ အဘယ်ကြောင့်
သူသည် မိမိညီကိုသတ်ခဲ့သနည်း။သူ၏လုပ်ရပ်များ
သည်ဆိုးယုတ်ပြီး သူ့ညီ၏လုပ်ရပ်များကား၊ဖြောင့်
၁၃။ မှန်သောကြောင့်ဖြစ်၏။ ညီအစ်ကိုတို့ လောကသား
တို့သည် သင်တို့ကိုမုန်းလျှင်မအံ့ဩကြနှင့်။
၁၄။ ငါတို့သည်ညီအစ်ကိုတို့ကိုချစ်သောကြောင့်သေခြင်း
မှအသက်ရှင်ခြင်းသို့ကူးပြောင်းခဲ့ကြကြောင်းကိုငါတို့
သိကြ၏။ မချစ်တတ်သောသူသည် သေခြင်း၌သာ
၁၅။ တည်ရှိ၏။ မိမိညီအစ်ကိုကို မုန်းသောသူသည်လူ
သတ်သမားဖြစ်၏။ မည်သည့် လူသတ်သမားမျှ
ထာဝရအသက်မပိုင်ဆိုင်ကြောင်းကိုသင်တို့သိကြ၏။
၁၆။ ခရစ်တော်သည် ငါတို့အတွက် မိမိ၏ အသက်ကို
စွန့်တော်မူခြင်းဖြင့်ငါတို့သည် မေတ္တာတရားကိုသိရှိ
ကြရ၏။ ငါတို့သည်လည်း ညီအစ်ကိုတို့အတွက်
အသက်စွန့်သင့်ကြ၏။
၁၇။ သို့သော် အကြင်သူသည် လောကီဥစ္စာပစ္စည်းတို့ကို
ပိုင်ဆိုင်ပြီး မိမိ၏ညီအစ်ကို၌ ချို့တဲ့သည်ကိုမြင်
သော်လည်း မိမိ၏နှလုံးသား၌ ထိုသူအား အကြင်
နာမပွားပါလျှင် ဘုရားသခင်၏ မေတ္တာတော်သည်
ထိုသူ၌ မည်ကဲ့သို့ တည်ရှိပါသနည်း။
၁၈။ သားသမီးလေးများတို့စကားအားဖြင့် သို့မဟုတ်
မိန့်ခွန်းအားဖြင့်သာ မဟုတ်ပဲလက်တွေ့ဆောက်ရွက်
ခြင်းဖြင့်အမှန်တကယ်ချစ်မြတ်နိုးကြကုန်စို့။

## ဘုရားသခင်၏ရှေ့မှောက်၌ယုံကြည်စိတ်ချမှု

၁၉။ ငါတို့သည် အမှန်တရားနှင့် သက်ဆိုင်သူများဖြစ်
ကြောင်းကိုငါတို့အား သိစေပြီးဘုရားသခင်၏ ရှေ့
မှောက်တော်တွင် ငါတို့၏ စိတ်နှလုံးများကို ထပ်မံ
၂၀။ သေချာစေသည့်အချက်ကား၊ ငါတို့၏စိတ်နှလုံးများ
ကငါတို့အား အပြစ်တင်သည့် အချိန်ပင်ဖြစ်၏။
အကြောင်းမူကား ဘုရားသခင်သည် ငါတို့၏စိတ်
နှလုံးများထက်ကြီးမြတ်တော်မူပြီး၊ ကိုယ်တော်သည်
အရာခပ်သိမ်းကို သိမြင်တော်မူ၏။
၂၁။ ချစ်မြတ်နိုးရသူတို့ ငါတို့၏စိတ်နှလုံးများက ငါတို့
အားအပြစ်မတင်လျှင်ငါတို့သည် ဘုရားသခင်၏ရှေ့
၂၂။ မှောက်တော်၌ စိတ်ချမှုရှိကြ၏။ ငါတို့သည်ဘုရား
သခင်၏ ပညတ်တော်များကိုစောင့်ထိန်းပြီး ကိုယ်
တော်နှစ်သက်တော်မူသည့် အမှုများကို ပြုကြသော
ကြောင့်ငါတို့တောင်းခံသမျှကို ဘုရားသခင်ထံမှရရှိ
၂၃။ ကြ၏။ ကိုယ်တော်၏ ပညတ်တော်ဟူမူကားငါတို့
သည် ဘုရား၏သားတော် **ယေရှု**ခရစ်တော်၏နာမ
တော်ကိုယုံကြည်ပြီး ကိုယ်တော် မိန့်မှာထားတော်မူ
သည့်အတိုင်း အချင်းချင်း ချစ်ကြရန်ပင်ဖြစ်၏။
၂၄။ ဘုရားသခင်၏ ပညတ်တော်များကို စောင့်ထိန်းသူ
အားလုံးတို့သည် ကိုယ်တော်၌ တည်ရှိကြပြီးကိုယ်
တော် သည်လည်းသူတို့၌တည်ရှိ၏။ငါတို့အားကိုယ်
တော် ပေးသနားတော်မူသော ဝိညာဉ်တော်အားဖြင့်
ဘုရားသခင်သည် ငါတို့၌တည်ရှိတော်မူကြောင်းကို
ငါတို့သိရကြ၏။

## အခန်းကြီး (၄)
## ဘုရားသခင်၏ဝိညာဉ်တော်နှင့် ခရစ်တော်ကို ဆန့်ကျင်သောဝိညာဉ်များ

၁။ ချစ်မြတ်နိုးရသူတို့ဝိညာဉ်တိုင်းကို မယုံကြည်ကြနှင့်
ဝိညာဉ်များသည် ဘုရားသခင်ထံမှ လာသည်ဟုတ်၊
မဟုတ်ကိုစမ်းသပ်စစ်ဆေးကြည့်ကြလော့။
အကြောင်းမူကား များစွာသော ပရောဖက်အတု
အယောင်တို့သည်ကမ္ဘာလောကထဲသို့ဝင်ရောက်ခဲ့ကြ
၂။ ပြီ။ ဘုရားသခင်၏ဝိညာဉ်တော်ကိုအောက်ပါအချက်
အားဖြင့်သင်တို့သိနိုင်ကြ၏။ **ယေရှု**ခရစ်တော်သည်
လူသားအဖြစ်ခံယူကြောင်းကိုဝန်ခံသောဝိညာဉ်တိုင်း
သည် ဘုရားသခင်နှင့်ဆိုင်သူများဖြစ်၏။
၃။ ၏။ သခင်**ယေရှု**ကို ယုံကြည်ဝန်ခံခြင်းမပြုသော
ဝိညာဉ်မှန်သမျှသည် ဘုရားသခင်နှင့်ဆိုင်သူမဟုတ်
ပေ။ ထိုသို့သော ဝိညာဉ်သည် ခရစ်တော်ကိုဆန့်
ကျင်သူဖြစ်၏။ ခရစ်တော်ကို ဆန့်ကျင်သူလာလိမ့်
မည်ဖြစ်ကြောင်းကို သင်တို့ကြားပြီးကြပြီ။ ထိုသူ
သည်ယခုအချိန်မှာပင် ကမ္ဘာလောကအတွင်း၌ရှိနေ
၄။ လေပြီ။ သားသမီးလေးများကို သင်တို့သည်ဘုရား
သခင်နှင့်ဆိုင်သူများဖြစ်၍ ခရစ်တော်ကို ဆန့်ကျင်
သောဝိညာဉ်များကို အောင်မြင်ခဲ့ကြပြီ။ အကြောင်း
မူကား သင်တို့နှင့်အတူရှိတော်မူသော ဝိညာဉ်တော်
သည်ကမ္ဘာလောကအတွင်းရှိ ဝိညာဉ်ထက်ကြီးမြတ်
၅။ တော်မူပေသည်။ ထိုသို့သော ဝိညာဉ်တို့သည်ကမ္ဘာ
လောကနှင့်ဆိုင်သူများဖြစ်သောကြောင့် သူတို့ပြော
ဆိုသမျှသည်လည်း လောကနှင့်သာဆိုင်၍ ကမ္ဘာ
လောကသည်လည်း သူတို့ကိုနားထောင်၏။
၆။ ငါတို့သည်ဘုရားသခင်နှင့်ဆိုင်သော သူများဖြစ်၏။
ဘုရားသခင်ကိုသိသူတိုင်းသည် ငါတို့ကိုနားထောင်
၏။ ဘုရားသခင်နှင့် မဆိုင်သောသူသည် ငါတို့ကို
နားမထောင်ပေ။ ဤအချက်အားဖြင့် စစ်မှန်သော
ဝိညာဉ်နှင့်မှားယွင်းသော ဝိညာဉ်ကို ငါတို့ခွဲခြားသိ
နိုင်ပေသည်။

## ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်၏

၇။ ချစ်မြတ်နိုးရသူတို့၊ငါတို့ အချင်းချင်းချစ်ကြကုန်စို့။
အကြောင်းမူကားချစ်ခြင်းမေတ္တာသည် ဘုရားသခင်
နှင့်ဆိုင်၏။ ချစ်ခြင်းမေတ္တာရှိသူသည် ဘုရားသခင်
ထံမှဖွားမြင်လာသူဖြစ်ပြီး ဘုရားသခင်ကို သိ၏။
၈။ ချစ်ခြင်းမေတ္တာမရှိသူသည်ဘုရားသခင်ကို မသိပေ။
အကြောင်းမူကားဘုရားသခင်သည် ချစ်ခြင်းမေတ္တာ
၉။ ဖြစ်တော်မူ၏။ ငါတို့သည် သားတော်အားဖြင့်
အသက်ရှင်နိုင်စေရန် ဘုရားသခင်သည် မိမိ၏တစ်
တည်းသောသားတော်ကို ကမ္ဘာလောကသို့စေလွှတ်
ခဲ့ခြင်းဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကို
ငါတို့အလယ်တွင် ထင်ရှားပေါ်လွင်စေခဲ့၏။
၁၀။ ချစ်ခြင်းမေတ္တာဟူသည် ငါတို့က ဘုရားသခင်အား
ချစ်ခဲ့ခြင်းမဟုတ်ပဲဘုရားသခင်က ငါတို့ကိုချစ်ခဲ့ပြီး
မိမိ၏သားတော်ကို ငါတို့၏အပြစ်ဖြေရာယဇ်ပူဇော်
သက္ကာယအဖြစ် စေလွှတ်ခဲ့ခြင်းသည်ချစ်ခြင်းမေတ္တာ
၁၁။ ဖြစ်ပေ၏။ ချစ်မြတ်နိုးရသူတို့ ဘုရားသခင်သည်
ငါတို့အား ဤမျှလောက်ချစ်တော်မူခဲ့ပါလျှင် ငါတို့
သည်လည်း အချင်းချင်းချစ်သင့်ကြပေသည်။
၁၂။ မည်သူမျှ ဘုရားသခင်ကို မမြင်ဖူးပေ။ ငါတို့သည်
အချင်းချင်းချစ်ကြပါလျှင် ဘုရားသခင်သည် ငါတို့
နှင့်အတူရှိပြီး ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသည်
လည်း ငါတို့၌ ပြည့်ဝစုံလင်လာခဲ့၏။
၁၃။ ဘုရားသခင်သည် ငါတို့အား မိမိ၏ဝိညာဉ်တော်
ကိုပေးသနားတော်မူခဲ့သောကြောင့် ငါတို့သည်ကိုယ်
တော်နှင့်အတူရှိပြီးကိုယ်တော်သည်လည်း ငါတို့နှင့်
အတူရှိကြောင်းကို ငါတို့သိကြ၏။
၁၄။ ခမည်းတော်ဘုရားသည် မိမိ၏သားတော်ကို ကမ္ဘာ
လောက၏ကယ်တင်ရှင်အဖြစ်စေလွှတ်ခဲ့ကြောင်းကို
ငါတို့တွေ့မြင်ခဲ့ကြရပြီး သက်သေခံကြ၏။
၁၅။ သခင်**ယေရှု**သည် ဘုရားသခင်၏ သားတော်ဖြစ်
ကြောင်းကို ယုံကြည်ဝန်ခံသူတိုင်း၌ ဘုရားသခင်
သည်သူနှင့်အတူရှိပြီးသူသည်လည်းဘုရားသခင်နှင့်
၁၆။ နှင့်အတူရှိ၏။ သို့ဖြစ်၍ ငါတို့အပေါ်ထားရှိသော
ဘုရားသခင်၏မေတ္တာတော်ကို ငါတို့ သိရှိယုံကြည်
ကြ၏။ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်
မူ၏။ ချစ်ခြင်းမေတ္တာနှင့်အတူတည်ရှိသူသည်ဘုရား
သခင်နှင့်အတူတည်ရှိပြီး၊ ဘုရားသခင်သည်လည်း
ထိုသူနှင့်အတူ တည်ရှိတော်မူ၏။
၁၇။ ဤကမ္ဘာလောကတွင် ငါတို့သည် ခရစ်တော်ကဲ့သို့
တည်ရှိကြသောကြောင့် တရားစီရင်တော်မူမည့်နေ့
၌ယုံကြည် စိတ်ချမှုရှိနိုင်စေခြင်းအားဖြင့် ချစ်ခြင်း
မေတ္တာသည် ငါတို့အတွက် ပြည့်ဝစုံလင်ပေပြီ။
၁၈။ ချစ်ခြင်းမေတ္တာ၌ ကြောက်ရွံ့ခြင်းမရှိ ပြည့်ဝသော
ချစ်ခြင်းမေတ္တာမူကား ကြောက်ရွံ့ခြင်းကိုပယ်ရှင်းပစ်

၏။ အပြစ်ဒဏ်အတွက်ကြောင့်သာကြောက်ရွံ့ခြင်းရှိ
သည်ဖြစ်၍ ကြောက်ရွံ့သောသူသည်ချစ်ခြင်းမေတ္တာ
ကျင့်သုံးရာ၌ မပြည့်ဝသေးပေ။
၁၉။ ငါတို့ ချစ်မြတ်နိုးကြသည်မှာ ဘုရားသခင်သည်ငါ
တို့ကိုရှေးဦးစွာ ချစ်တော်မူသောကြောင့်တည်း။
၂၀။ အကြင်သူသည် ဘုရားသခင်ကို ငါချစ်သည်ဟုဆို
လျက်မိမိ၏ညီအစ်ကိုကို မုန်းလျှင် ထိုသူသည်လိမ်
ညာသူဖြစ်၏။ အကြောင်းမူကား၊ မိမိမြင်ဖူးသည့်
ညီအစ်ကိုကို မချစ်သောသူသည်မမြင်ဖူးသောဘုရား
၂၁။ သခင်ကိုမချစ်နိုင်ပေ။ ဘုရားသခင်ထံမှ ငါတို့ရရှိ
ထားသော ပညတ်တော်ကား ဘုရားသခင်ကိုချစ်
သောသူသည်မိမိ၏ညီအစ်ကိုကို ချစ်သင့်သည်ဟူ
၍တည်း။

## အခန်းကြီး (၅)

## ယုံကြည်ခြင်းသည်လောကကိုအောင်ခြင်း

၁။ သခင်**ယေရှု**သည်ခရစ်တော်ဖြစ်ကြောင်းကိုယုံကြည်
သူတိုင်းသည် ဘုရားသခင်၏သားသမီးဖြစ်ပြီးမိဘ
ကိုချစ်သူတိုင်းသည်လည်း သားသမီးကိုချစ်၏။
၂။ ငါတို့သည် ဘုရားသခင်ကိုချစ်ပြီး ကိုယ်တော်၏
ပညတ်တော်များကိုလိုက်နာသောအခါ ဘုရားသခင်
၏သားသမီးများကို ငါတို့ချစ်ကြောင်းသိကြ၏။
၃။ သိကြ၏။ အကြောင်းမူကား ဘုရားသခင်ကိုချစ်
ခြင်းဟူသည်မှာကိုယ်တော်၏ ပညတ်တော်များကို
စောင့်ထိန်းခြင်းပင်ဖြစ်၏။ ကိုယ်တော်၏ ပညတ်
တော်များသည်လည်း ဝန်လေးသည် မဟုတ်ပေ။
၄။ အကြောင်းမူကား ဘုရားသခင်မှ ဖွားမြင်သူတိုင်း
သည်ကမ္ဘာလောကကိုအောင်မြင်၏။ ကမ္ဘာလောက
ကို အောင်မြင်ပြီး အောင်ပွဲခံနိုင်ရခြင်း၏အကြောင်း
ရင်းကား ငါတို့၏ယုံကြည်ခြင်းပေတည်း။
၅။ မည်သူသည်ကမ္ဘာလောကကိုအောင်မြင်ပါသနည်း။
သခင်**ယေရှု**သည် ဘုရားသခင်၏ သားတော်ဖြစ်
ကြောင်းယုံကြည်သူသာလျှင်မဟုတ်ပါလော။

## သားတော်ဘုရားအကြောင်းသက်သေခံသူ

၆။ ရေနှင့်သွေးတို့ဖြင့်ကြွလာခဲ့သူကား **ယေရှု**ခရစ်တော်
ပေတည်း။ ရေအားဖြင့်သာမဟုတ်ပဲ ရေနှင့်သွေးတို့
ဖြင့်ကြွလာခဲ့ခြင်းဖြစ်၏။
၇။ ဝိညာဉ်တော် ဘုရားသည် သက်သေခံသူဖြစ်၏။
အကြောင်းမူကား၊ဝိညာဉ်တော်သည်သမ္မာတရားဖြစ်
၈။ ၏။သက်သေခံသူသုံးဦးရှိ၏။ ယင်းတို့ကားဝိညာဉ်
တော်ရေနှင့်သွေးတို့ဖြစ်၏။ ထိုသုံးဦးတို့သည် ညီ
၉။ ညွတ်စွာ သက်သေခံကြ၏။ ငါတို့သည် လူတို့၏
သက်သေခံချက်ကို ခံယူကြပါလျှင် ဘုရားသခင်၏
သက်သေခံချက်သည် ပို၍ပင် ကြီးမြတ်ပေသည်။
အကြောင်းမူကား ဘုရားသခင်၏ သက်သေခံချက်
မှာကိုယ်တော်သည် မိမိ၏သားတော်အတွက် သက်
၁၀။ သေပေးခဲ့ခြင်းပင်ဖြစ်၏။ ဘုရားသခင်၏သားတော်
ကို ယုံကြည်သောသူ၏ အတွင်းစိတ်၌ထိုသက်သေ
သည်တည်ရှိ၏။ ဘုရားသခင်ကို မယုံကြည်သော
သူမူကား ကိုယ်တော်ကို လိမ်ညာသူတစ်ဦးဟုသတ်
၁၁။ မှတ်ရာရောက်၏။ အကြောင်းမူကား၊ မိမိသားတော်
အတွက် ဘုရားသခင်၏သက်သေခံချက်ကို ထိုသူမ
၁၂။ ယုံကြည်သော ကြောင့်တည်း။ သားတော်ကိုရရှိသူ
သည်အသက်ကိုရရှိ၏။သားတော်ကို မရရှိသူမူကား
အသက်ကိုလည်းမရရှိပေ။

## ထာဝရအသက်နှင့်ဆိုင်ရာအသိပညာ

၁၃။ ဘုရားသားတော်၏နာမတော်ကိုယုံကြည်သော သင်
တို့၌ ထာဝရအသက်ရှိကြောင်းကို သင်တို့သိစေရန်
၁၄။ ဤသို့ငါရေးလိုက်ခြင်းဖြစ်၏။ ဘုရားသခင်၌ငါတို့
ထားရှိသောယုံကြည်စိတ်ချမှုဟူသည်မှာ ငါတို့သည်
မည်သည့်အရာကိုမဆိုကိုယ်တော်၏ အလိုတော်နှင့်
အညီ တောင်းခံကြပါလျှင် ကိုယ်တော်သည် နား
ညောင်းတော်မူလိမ့်မည့်အကြောင်းပင်တည်း။
၁၅။ ငါတို့တောင်းခံသမျှကို ဘုရားသခင် နားညောင်း
တော်မူကြောင်း ငါတို့သိကြပါလျှင် ကိုယ်တော်ထံမှ
တောင်းခံသမျှကိုငါတို့ရရှိပြီး ဖြစ်ကြောင်းကိုလည်း
၁၆။ ငါတို့သိကြ၏။ မိမိ၏ညီအစ်ကိုသည် ကြီးလေးမှု
မရှိသောအပြစ်ကျူးလွန်သည်ကို တစ်စုံတစ်ယောက်
ကမြင်လျှင် သူသည်ဘုရားသခင်ထံခွင့်ပန်ရမည်ဖြစ်
ပြီး၊ ဘုရားသခင်သည်လည်း သူ့အားကြီးလေးမှုမရှိ
သော အပြစ်ကျူးလွန်သူများအတွက် အသက်ပေး
တော်မူလိမ့်မည်။ ကြီးလေးသော အပြစ်ဟူ၍ရှိသေး
၏။ထိုသို့သောအပြစ်ကျူးလွန်မှုအတွက် ဆုတောင်း
၁၇။ ရမည်ဟုငါမဆိုပါ။ မှားယွင်းမှုတိုင်းသည်အပြစ်ဖြစ်
၏။ သို့သော်ကြီးလေးမှုမရှိသော အပြစ်ရှိ၏။

၁၈။ ဘုရားသခင်မှ ဖွားမြင်သောသူတိုင်းသည် အပြစ်
မကျူးလွန်ကြောင်းကို ငါတို့သိကြ၏။ဘုရားသခင်မှ
ဖွားမြင်ခဲ့သောအရှင်သည်ထိုသူကိုစောင့်ရှောက်သည်
ဖြစ်၍ နတ်ဆိုးသည်သူ့ကိုမထိခိုက်နိုင်ပေ။
၁၉။ ငါတို့သည် ဘုရားသခင်နှင့် သက်ဆိုင်ကြပြီးကမ္ဘာ
လောကတစ်ခုလုံးသည် နတ်ဆိုး၏ အရှိန်အဝါ
အောက်တွင်ရှိကြောင်းကို ငါတို့သိကြ၏။
၂၀။ ဘုရားသခင်၏ သားတော်သည် ကြွလာတော်မူပြီး
စစ်မှန်သောအရှင်ကိုယ်တော်ကိုသိနိုင်ရန်အတွက် ငါ
တို့အား နားလည်ခြင်းကို ပေးသနားတော်မူကြောင်း
ကိုငါတို့သိကြ၏။ ငါတို့သည် စစ်မှန်သောဘုရား
နှင့်လည်းကောင်း ကိုယ်တော်၏သားတော် **ယေရှု**
ခရစ်တော်နှင့်လည်းကောင်း အတူတကွရှိကြ၏။ဤ
သည်ကားစစ်မှန်သောဘုရားနှင့်ထာဝရအသက်ဖြစ်
၂၁။ တော်မူသတည်း။သားသမီးလေးတို့၊သင်တို့ကိုယ်ကို
မကိုးကွယ်အပ်သည့်အရာများနှင့် ကင်းစေကြလော့။